Government of **Western Australia**
**School Curriculum and Standards Authority**

# WACE ဘာသာစကားသင်ယူခွင့် လျှောက်လွှာများအတွက် ကျောင်းသား ဆောင်ရွက်ရန်စာရင်း

သင်၏ *WACE ဘာသာစကားသင်တန်းတွင် စာရင်းသွင်းခွင့် လျှောက်လွှာ* (*ဘာသာစကားသင်ယူခွင့် လျှောက်လွှာ*) ကို စတင်မဖြည့်မီ အားလုံးအဆင်သင့်ဖြစ်ရန်အတွက် ဤဆောင်ရွက်ရန်စာရင်းကို အသုံးပြုပါ။ သင့်တွင် မေးမြန်းလိုသည်များရှိပါက သင့်မိဘ(များ) သို့မဟုတ် အုပ်ထိန်းသူ(များ)၊ သင့်ဘာသာစကားဆရာ သို့မဟုတ် ကျောင်းစီမံအုပ်ချုပ်ရေးအား မေးမြန်းပါ သို့မဟုတ် ကျောင်းသင်ရိုးညွှန်းတမ်းနှင့် စံနှုန်းများဆိုင်ရာ အာဏာပိုင်အဖွဲ့ (အာဏာပိုင်အဖွဲ့) ထံ languagesenrolment@scsa.wa.edu.au မှတစ်ဆင့် အီးမေးလ်ပေးပို့နိုင်ပါသည်။

အပြည့်အစုံဖော်ပြထားသော ကျောင်းသားလမ်းညွှန်ကို WACE ဘာသာစကားသင်ယူခွင့် လျှောက်လွှာများ ဝဘ်စာမျက်နှာ (https://www.scsa.wa.edu.au/sirs-and-srms-info/srms-information/wace-language-applications) တွင် တွေ့နိုင်ပါသည်။

## 1 ကျောင်းသားပေါ်တယ်သို့ ဝင်ရောက်ခြင်း

ကျောင်းသားပေါ်တယ် (https://studentportal.scsa.wa.edu.au) သို့ ဝင်ရောက်ရန်အတွက် သင်၏ **WA ကျောင်းသားနံပါတ်**ကို လိုအပ်ပါသည်။ ၎င်းကို သင့်ကျောင်း၏ ကျောင်းသားတိုးတက်မှုမှတ်တမ်း(များ)တွင် တွေ့နိုင်သည်။ ၎င်းကို သင့် SmartRider တွင်လည်း တွေ့နိုင်သည်။ **ကိုယ်ပိုင် အီးမေးလ်လိပ်စာတစ်ခု**ကိုလည်း လိုအပ်ပြီး *ဘာသာစကားသင်ယူခွင့် လျှောက်လွှာ* ဖြည့်စွက်ချိန်တွင် သင့်ကိုယ်ပိုင် အီးမေးလ်အကောင့်ကို အသုံးပြုနိုင်ရမည်။ ကိုယ်ပိုင် အီးမေးလ်လိပ်စာကို အသုံးပြုခြင်းဖြင့် သင်ကျောင်းပြီးသွားသည့်နောက် သင့်ကျောင်းအီးမေးလ်လိပ်စာ သက်တမ်းကုန်သွားသည့်အချိန်တွင် အီးမေးလ်များ ဆက်လက်လက်ခံရရှိနိုင်ပါသည်။

## 2 ပညာရေးအချက်အလက်

သင်သည် အောက်ပါ ပညာရေးအချက်အလက်များကို ပေးရန် လိုအပ်ပါသည်-

❑ မူကြိုမှစ၍ စာသင်နှစ်တစ်နှစ်စီအတွက် တက်ရောက်ခဲ့သည့် ကျောင်းများ၏ အသေးစိတ်အချက်အလက်-
- ကျောင်းအမည်
- ကျောင်း၌ သင်ကြားရာတွင် အဓိကအသုံးပြုသော ဘာသာစကား
- သင်ယူခဲ့သော ဘာသာစကား(များ) (ရှိပါက)
- တစ်ပတ်လျှင် ဘာသာစကားလေ့လာသည့်အချိန် (ရှိပါက)

- ❑ ဩစတြေးလျပြင်ပတွင် ကျောင်း(များ) တက်ရောက်ခဲ့သည့် နှစ်များအတွက် ကျောင်းတွင်း ကျောင်းသားတိုးတက်မှုမှတ်တမ်း(များ) (ရှိပါက)

## 3 နေထိုင်မှု အချက်အလက်

သင်သည် အောက်ပါ နေထိုင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပေးရန်လိုအပ်သည်-

- ❑ နေထိုင်ဖူးသည့်နိုင်ငံများ
- ❑ နိုင်ငံတွင်း လည်ပတ်မှု(များ)၏ အကြောင်းရင်း(များ)နှင့် ကြာချိန်အပါအဝင် လည်ပတ်/ခရီးထွက်/အားလပ်ရက်ကုန်ဆုံးခဲ့ဖူးသည့် နိုင်ငံများ ယင်းတွင် လျှောက်ထားသည့် ဘာသာစကားနှင့် တူညီသော ဘာသာစကားကို ပြောဆိုသည့် နိုင်ငံများသာ ပါဝင်သည်

## 4 ဘာသာစကားဆိုင်ရာ နောက်ခံအချက်အလက်

သင်သည် အောက်ပါဘာသာစကားဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပေးရန် လိုအပ်သည်-

- ❑ ပြောဆိုရန် ပထမဆုံးသင်ယူခဲ့သည့် ဘာသာစကား(များ)
- ❑ ပြောနိုင်၊ ဖတ်နိုင်၊ ရေးနိုင်သော အခြား ဘာသာစကား(များ)
- ❑ မိဘ(များ) သို့မဟုတ် အုပ်ထိန်းသူ(များ)အပြင် မွေးချင်းများ၊ သူငယ်ချင်းများနှင့် ပြောဆိုသော ဘာသာစကား(များ)
- ❑ မိဘ(များ) သို့မဟုတ် အုပ်ထိန်းသူ(များ) ပြောဆိုသော ဘာသာစကား(များ)

## 5 အထောက်အထား စာရွက်စာတမ်းများ

သင်၏ လျှောက်လွှာတွင် အပ်လုဒ်တင်ရန်အတွက် အောက်ပါ စာရွက်စာတမ်းများကို ဓာတ်ပုံရိုက်ရန် သို့မဟုတ် စကန်ဖတ်ရန်လိုသည်-

- ❑ ဖြည့်စွက်ထားသော *မိဘ/အုပ်ထိန်းသူ အသိအမှတ်ပြုမှု* ဖောင်ပုံစံ- မဖြစ်မနေလိုအပ်သည်
- ❑ အခြားနိုင်ငံတွင် မွေးဖွားပါက သို့မဟုတ် ဩစတြေးလျပြင်ပတွင် နေထိုင်ခဲ့ပါက နိုင်ငံကူးလက်မှတ် အထောက်အထားစိစစ်ရေး စာမျက်နှာ
- ❑ ဩစတြေးလျပြင်ပရှိ ကျောင်း(များ)ကို တက်ရောက်ခဲ့ပါက ကျောင်း၏ ကျောင်းသားတိုးတက်မှုမှတ်တမ်း(များ)
- ❑ သင်လျှောက်ထားသည့် ဘာသာစကားကို ပြောဆိုသည့် နိုင်ငံများ သို့မဟုတ် နေရာများတွင် နေထိုင်ခဲ့ပါက သို့မဟုတ် အဆိုပါ နိုင်ငံများ/နေရာများသို့ မကြာခဏ ခရီးသွားလေ့ရှိပါက နိုင်ငံတကာ ခရီးသွားလာမှု မှတ်တမ်း(များ) (အာဏာပိုင်အဖွဲ့က တောင်းဆိုထားလျှင်)

အထောက်အထား စာရွက်စာတမ်းများကို သင့်ကွန်ပျူတာ သို့မဟုတ် မိုဘိုင်းစက်တွင် **.pdf**၊ **.jpg**၊ **.jpeg** သို့မဟုတ် **.png** ဖိုင်များအဖြစ် သိမ်းပါ။ **ဖိုင်တစ်ဖိုင်စီအတွက် အကြီးဆုံးအရွယ်အစားမှာ 4MB**

**ဖြစ်သည်**။ Word စာရွက်စာတမ်းများကို လက်ခံမည်**မ**ဟုတ်ဘဲ ဖိုင်များကို အမည်ပေးသည့်အခါ စပေ့စ်များ သို့မဟုတ် < > ? ! / \ ” * : , # % $ ( ) { } + = @ ကဲ့သို့ အသိအမှတ်မပြုနိုင်သော အက္ခရာများ သို့မဟုတ် သင်္ကေတများကို အသုံးမပြုရပါ။